ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၅၄ / ၂၀၂၂ )

ဒေါ်ဖြိုးအိနိုင် ( အလုပ်သမား )
အမှတ်(၁၄၀)၊ စိန်ခြယ်လမ်း၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
၀၉ - ၇၉၀ ၆၇၄ ၄၇၀ } နစ်နာ၍တောင်းဆိုသူ

နှင့်

ဦးမျိုးထိုက်အောင် ( အလုပ်ရှင် )
နယူးမဏ္ဍလာထွန်းကားဂိတ် ( အောင်မင်္ဂလာအဝေးပြေး )
အမှတ်(၁၂၃)၊ ကာယသုခလမ်း၊ (၁၂)ရပ်ကွက်၊
ရန်ကင်းမြို့နယ်။
၀၉ - ၇၉၀ ၅၀၅ ၇၇၈ } တောင်းဆိုခြင်းခံရသူ

ရက် စွဲ ။ ၂၀၂၂ ခု နှစ်၊ ဒီဇင်ဘာ လ ၅ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ်(၁၂၃)ရှိ အလုပ်ရှင် ဦးမျိုးထိုက်အောင်ပိုင်ဆိုင်လုပ်ကိုင်သော နယူးမဏ္ဍလာထွန်းကားဂိတ် (အောင်မင်္ဂလာအဝေးပြေး)နှင့် အလုပ်သမား ဒေါ်ဖြိုးအိနိုင်တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို မင်္ဂလာဒုံမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့က တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ နယူးမန္တလာထွန်းကားဂိတ်တွင် အလုပ်သမား ဒေါ်ဖြိုးအိခိုင်သည် Accountant ရာထူးဖြင့် လုပ်ကိုင်လျက်ရှိရာ ၂၈-၈-၂၀၂၂ ရက်နေ့တွင် အလုပ်ရှင်မှ စာရင်းမှားသည်ဟုဆိုပြီး အလုပ်မှ ထုတ်ပယ်ခဲ့ခြင်းအပေါ် မင်္ဂလာဒုံမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးထံတိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှု မရရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**ကောက်ချက်** ။ တောင်းဆိုသူ အလုပ်သမား ဒေါ်ဖြိုးအိခိုင်အား အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် သင့် / မသင့်။

**တွေ့ရှိချက်**

၄။ အလုပ်သမား ဒေါ်ဖြိုးအိခိုင်မှ ထွက်ဆိုတင်ပြရာတွင် နယူးမန္တလာထွန်းကားဂိတ်၌ ၁၅-၁၂-၂၀၁၉ ရက်နေ့မှစ၍ Accountant ရာထူးဖြင့် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လစာ ကျပ် ၃၀၀,၀၀၀/- ရရှိခဲ့ပါကြောင်း၊ အလုပ်ရှင်မှာ ဦးမျိုးထိုက်အောင်ဖြစ်ပါကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ( EC စာချုပ် ) ချုပ်ဆိုခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ ၂၈-၈-၂၀၂၂ ရက်နေ့တွင် ဂိတ်မှူး ဦးအောင်မင်းမှ အလုပ်ရပ်နားသည်ဟု ပြောကြားခဲ့ပါကြောင်း၊ (၃)ရက်အကြာတွင် အလုပ်ရှင်ထံ မည်သည့်အချက်များကြောင့် အလုပ်မှထုတ်ပယ်ခဲ့ခြင်းကို တယ်လီဖုန်းဖြင့် မေးမြန်းခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ အလုပ်ရှင်ထံ ဖုန်းဖြင့် မေးမြန်းသည့်အခါ အလုပ်ရှင်က စာရင်းမှားသည်ဟု ပြောပါကြောင်း၊ စာရင်းစစ်နှင့်စစ်ပြီးမှ ပြောခြင်းဖြစ်ပါကြောင်း၊ ဒေါ်ဖြိုးအိခိုင်မှ စာရင်းစစ်သည်ဆိုလျှင် စာရွက်စာတမ်းများကို Accountant ထံယူပြီးမှ စစ်ရမည်ဖြစ်ကြောင်းကို ပြန်ပြောခဲ့ပါကြောင်း၊ အလုပ်ရှင်မှ အလုပ်ခန့်ထားစဉ်က အကြောင်းပြချက်ဖြင့် ခန့်ထားခဲ့ခြင်းမဟုတ်၊ ယခုလည်း အလုပ်ထုတ်လျှင် မည်သည့်အကြောင်းပြချက်မျှ မပြောဘဲ အလုပ်ထုတ်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ပါကြောင်း၊ အလုပ်ဝင်စဉ် CV Form ဖြင့် Accountant ရာထူးလျှောက်ထားပြီး ဝင်ရောက်ခဲ့ပါကြောင်း၊ (၂)နှစ်တာကာလအတွင်း ကုမ္ပဏီမှ ငွေကြေးနှင့် အခြားကိစ္စရပ်တို့ဖြင့် အပြစ်ပေး အရေးယူခဲ့မှု မရှိခဲ့ပါကြောင်း၊ ထို့ကြောင့် မည်သည့်အကြောင်းပြချက်မှမရှိဘဲ

ချက်ခြင်းအလုပ်မှထုတ်ပယ်ခဲ့သဖြင့် နစ်နာကြေးတစ်လစာနှင့် Clearance Certificate ရရှိလိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၆။ တောင်းဆိုသူ အလုပ်သမား ဒေါ်ဖြိုးအိနိုင်နှင့် အငြင်းပွားမှုနှင့်ပတ်သက်၍ အလုပ်ရှင်အား ချေပလွှာပေးပို့ရန် ပုံစံ(၇)ဖြင့် အကြောင်းကြားခဲ့သော်လည်း ပေးပို့ခြင်း မရှိခဲ့၍ သတ်မှတ်ရက် ရောက်သည့်အချိန်တွင် ပုံစံ(၈)ဖြင့် ကြားနာစစ်ဆေးရန် ၂၈-၁၀-၂၀၂၂ ရက်နေ့၊ ၃၁-၁၀-၂၀၂၂ ရက်နေ့နှင့် ၂-၁၁-၂၀၂၂ ရက်နေ့တို့တွင် ဆင့်ဆိုအကြောင်းကြားခဲ့သော်လည်း အလုပ်ရှင်ကိုယ်တိုင် သို့မဟုတ် အလုပ်ရှင်ကိုယ်စား ကိုယ်စားလှယ်လာရောက်ရန် ပျက်ကွက်ခဲ့သည့်အတွက် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ၊ နည်း ၁၆(ခ)အရ ဆင့်ဆိုစာအတည်ဖြစ်သော်လည်း အငြင်းပွားမှုကြားနာစစ်ဆေးရန် ချိန်းဆိုသော နေ့ရက်များတွင် တောင်းဆိုခြင်းခံရသူ လာရောက်ရန် သုံးကြိမ်အထိ ပျက်ကွက်လျှင်သော်လည်းကောင်း၊ လိပ်စာအတိုင်း ရှာမတွေ့၍ တောင်းဆိုခြင်းခံရသူအား ဆင့်ဆိုစာ အတည်မဖြစ်လျှင်သော်လည်း တောင်းဆိုခြင်းခံရသူ၏ မျက်ကွယ်တွင် အငြင်းပွားမှုကို တစ်ဖက်သတ် စစ်ဆေးနိုင်သည်ဟု ပြဋ္ဌာန်းထားရှိခြင်းကြောင့် ယခုဖြစ်ပွားသော အငြင်းပွားမှုအား ဥပဒေနှင့်အညီ တစ်ဖက်သတ် ကြားနာစစ်ဆေးခြင်းဖြစ်ပါသည်။

သုံးသပ်ချက်

၇။ အလုပ်သမား ဒေါ်ဖြိုးအိနိုင်သည် ၁၅-၁၂-၂၀၁၉ ရက်နေ့တွင် Accountant ရာထူးဖြင့် နယူးမန္တလာထွန်းကားဂိတ်တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး နောက်ဆုံးထုတ်ခဲ့သော လစာဖြစ်သည့် (၇/၂၀၂၂)လစာမှာ ကျပ် ၃၀၀,၀၀၀/- ဖြစ်ပြီး အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ( EC စာချုပ် ) ချုပ်ဆိုထားခြင်း မရှိကြောင်း၊ အလုပ်ရှင်အနေဖြင့် ချေပလွှာပေးပို့ထားခြင်း မရှိသည့်အပြင် အငြင်းပွားမှုကြားနာစစ်ဆေးရန် လာရောက်ခြင်း မရှိသည့်အတွက် အလုပ်သမား ဒေါ်ဖြိုးအိနိုင်၏ တင်ပြထွက်ဆိုချက်နှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် ဂိတ်မှူး ဦးအောင်မင်း ထွက်ဆိုချက်အရ စာရင်းမှားသည့်အတွက်ကြောင့် အလုပ်မှရပ်နားခဲ့ခြင်းအပေါ် အလုပ်ရှင်ဘက်မှ မည်သည့်အထောက်အထားမျှ တင်ပြနိုင်ခြင်းမရှိသဖြင့် အပြစ်ရှိ၍အလုပ်ထုတ်သည်ဆိုခြင်းမှာ ယုတ္တိမရှိကြောင်းကို သုံးသပ်ရရှိသည်။

၈။ အလုပ်သမား တောင်းဆိုထားသော ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် Clearance Certificate သည် အလုပ်ရှင်က အလုပ်သမား၏ လုပ်ငန်းစွမ်းဆောင်မှုအပေါ် အသိအမှတ်ပြု ထုတ်ပေးသောလက်မှတ်ဖြစ်၍ ခုံသမာဓိအဖွဲ့မှ ဆုံးဖြတ်ပေးရမည့်ကိစ္စရပ် မဟုတ်ပါ။ အလုပ်ရှင်ကိုယ်တိုင်လာရောက်ပြီး စစ်ဆေးခံခြင်းနှင့် ချေပခြင်းမရှိသည့်အပြင် မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့တွင် စာရင်းမှားသည့် သက်သေအထောက်အထားများ တင်ပြနိုင်ခြင်း မရှိသည့် အတွက် အလုပ်သမား ဒေါ်ဖြိုးအိနိုင်သည် အပြစ်ရှိ၍ အလုပ်မှထုတ်ပယ်ခဲ့သည်ဟု သတ်မှတ် ယူဆ၍ မရသဖြင့် အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ( ၈၄/၂၀၁၅ )ဖြင့် အချိန်ပိုကြေးမပါ နောက်ဆုံးထုတ်လစာဖြင့် လုပ်သက်အလိုက် အလုပ်ရပ်စဲမှု နစ်နာကြေးရသင့် သုံးသပ်ရရှိ၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက် ။ တောင်းဆိုသူ အလုပ်သမား ဒေါ်ဖြိုးအိနိုင်အား လုပ်သက်အလိုက် အလုပ်ရပ်စဲမှု နစ်နာကြေးတစ်လစာငွေ ကျပ် ၃၀၀,၀၀၀/- (ကျပ်သုံးသိန်း တိတိ) ထုတ်ပေးရန် ဆုံးဖြတ်သည်။

၉။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်